# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
## (၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၁.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၅-၃-၂၀၁၅ ရက်(ကြာသပတေးနေ့)မှာ ခွင့်ပန်ကြားသူများရဲ့ကိုယ်စားကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးမှ ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၁၁၃ ဦး၊ ယခင်ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၁၈ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၁၁၃ ဦးမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁၆ ရက်၊

(၂) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၃) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၂ ရက်၊

(၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၅) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၂ ရက်၊

(၆) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၇) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၂ ရက်၊

(၈) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၂ ရက်၊

(၉) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၂ ရက်၊

(၁၀) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၂ ရက်၊

(၁၁) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၁၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၂ ရက်၊

(၁၃) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၂ ရက်၊

(၁၄) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၂ ရက်၊

(၁၅) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၂ ရက်၊

(၁၆) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၇) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၂ ရက်၊

(၁၈) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၂ ရက်၊

(၁၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၉ ရက်၊

(၂၀) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၂၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၂၂) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊

(၂၃) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၂ ရက်၊

(၂၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟံစိန် ခွင့် ၂ ရက်၊

(၂၅) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၂ ရက်၊

(၂၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၂ ရက်၊

(၂၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၂၈) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၂၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၃၀) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

**မှူကြမ်း**

(၃၁) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂ ရက်၊

(၃၂) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၃၃) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၄) အင်ဂျန်းယန်းမဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၃၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၃၆) တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၂ ရက်၊

(၃၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၃၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၃၉) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၄၀) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၂ ရက်၊

(၄၁) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၂ ရက်၊

(၄၂) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၂ ရက်၊

(၄၃) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၂ ရက်၊

(၄၄) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၄၅) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၄၆) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၂ ရက်၊

(၄၇) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၂ ရက်၊

(၄၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၂ ရက်၊

(၄၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂ ရက်၊

(၅၀) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၅၁) ဆောမဲဆန္ဒနယ်မှ ဦးငွေမောင် ခွင့် ၁ ရက်၊

(၅၂) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၅၃) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၅၄) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၂ ရက်၊

(၅၅) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ခွင့် ၂ ရက်၊

(၅၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၅၇) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၂ ရက်၊

(၅၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၅၉) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၂ ရက်၊

(၆၀) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၆၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်(ခ)ဦးဖြူ ခွင့် ၂ ရက်၊

(၆၂) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၆၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ၂ ရက်၊

(၆၄) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၆၅) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၆၆) ရွာတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွဲ့ ခွင့် ၂ ရက်၊

(၆၇) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ၂ ရက်၊

(၆၈) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ၂ ရက်၊

(၆၉) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ၂ ရက်၊

(၇၀) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ၂ ရက်၊

(၇၁) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၇၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၇၃) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊

(၇၄) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၇၅) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၇၆) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၇၇) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၂ ရက်၊

(၇၈) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၇၉) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၂ ရက်၊

(၈၀) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၂ ရက်၊

(၈၁) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်၊

(၈၂) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

မူကြမ်း

(၈၃) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၂ ရက်၊

(၈၄) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ် ခွင့် ၂ ရက်၊

(၈၅) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၂ ရက်၊

(၈၆) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၂ ရက်၊

(၈၇) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၉ ရက်၊

(၈၈) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၈၉) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၂ ရက်၊

(၉၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၂ ရက်၊

(၉၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်၊

(၉၂) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၉၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၉၄) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၉၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်၊

(၉၆) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၉၇) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၂ ရက်၊

(၉၈) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၂ ရက်၊

(၉၉) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၁၀၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၁၀၁) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၉ ရက်၊

(၁၀၂) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၁၀၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၁၀၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၀၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဒေါ်စန်းသီတာခင် ခွင့် ၁ ရက်၊

(၁၀၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၂ ရက်၊

(၁၀၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၁၀၈) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၁၀၉) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၂ ရက်၊

(၁၁၀) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၂ ရက်၊

(၁၁၁) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၂ ရက်၊

(၁၁၂) ကျောက်မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်နှင့်

(၁၁၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ၁၁၃ ဦး ခွင့်ပန်ကြားသူရှိပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံ့ဝန်ထမ်းများ လစာကို ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးရာတွင် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ကုန်စျေးနှုန်းတက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းကိစ္စများ ဖြစ်ပေါ်လာခြင်းမရှိအောင် စီမံချက်များဖြင့် ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျာ။ ကျွန်တော် ဒီနေ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းများလစာကို အဆင့်အတန်းနှင့်လျော်ညီပြီး လက်ရှိနေထိုင်စားသောက် စရိတ်နှင့်လိုက်လျောညီထွေရှိမည့်လစာသို့ ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးသည့်အချိန်တွင် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်မည့် ကုန်စျေးနှုန်းတက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းကိစ္စများကို ဖြစ်ပေါ်လာခြင်း မရှိအောင်စီမံချက်များဆောင်ရွက်ရန်ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့စီမံဆောင်ရွက်ထားကြောင်း သိရှိ လို၍မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ၎င်းကိစ္စနှင့်ပတ်သက်၍ ယနေ့နိုင်ငံ့ဝန်ထမ်း တစ်သန်းခန့်နှင့် ၎င်းတို့မှီခိုနေရသောမိသားစုသုံးသန်းခန့်သည် တိုးမြှင့်ရရှိလာမည့်လစာကို မျှော်လင့်နေကြပါသည်။ အထူးသဖြင့် ရိုးသားစွာဖြင့် နိုင်ငံ့တာဝန်ကိုထမ်းဆောင်နေသော ဝန်ထမ်းများက လိုလားကြပါသည်။ လာဘ်လာဘကိုရရှိနေသော၊ ဆက်လက်ရရှိလိုသော ဝန်ထမ်းအချို့သာလျှင် တိုးမြှင့်လာမည့်လစာကို စိတ်မဝင်စား၊ မလိုလားကြခြင်းရှိပါမည်။ ရိုးသားသောဝန်ထမ်းနှင့် မိသားစုများအနေဖြင့် မလုံလောက် သောလစာဖြင့် ချို့တဲ့စွာရပ်တည်နေရမည့်အခြေအနေ၊ လာဘ်ပေးလာဘ်ယူသည်ဟု ပြည်သူများမှ ထင်မြင်ခံရမည့်အခြေအနေမှ လွတ်မြောက်လိုကြပါသည်။ သင့်တင့်သောလစာနှင့်မိသားစုဘဝ သင့်တင့်စွာနေထိုင်ပြီး ပြည်သူ့အကျိုးကို စေတနာအပြည့်နှင့်ဆောင်ရွက်ပေးလိုကြပါသည်။ ထို့အတူ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကျန်ရှိသည့်ပြည်သူသန်း ၅၀ ကလည်း စာနာထောက်ထားသောအားဖြင့် မိမိတို့၏နိုင်ငံ့ဝန်ထမ်းများ၏လစာကို သင့်တင့်မျှတသောလစာသို့ တိုးမြှင့်ပေးစေလိုကြပါသည်။ အကျိုးဆက်အဖြစ်ထွက်ပေါ်လာမည့် ဝန်ထမ်းမိသားစုများ၏ဘဝ သာယာချမ်းမြေ့ခြင်းနှင့်အတူ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးကိုလည်း မျှော်လင့်တောင့်တလိုလားကြပါသည်။

သို့သော်လည်း နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူအားလုံး၏စိတ်တွင် စွဲလမ်းနေသော အစွဲ အလမ်းတစ်ခုက ၎င်းလိုလားချက်ကိုခြောက်လှန့်နေပါသည်။ ဒီအချက်ကတော့ နိုင်ငံ့ဝန်ထမ်းများ လစာတိုးလျှင် ကုန်စျေးနှုန်းတက်မည်၊ ငွေကြေးဖောင်းပွမည်ဟူသောအစွဲအလမ်းပင်ဖြစ်ပါသည်။ ဤ အစွဲအလမ်းကြောင့် နိုင်ငံ့ဝန်ထမ်းများ၏စိတ်တွင်လည်း မိမိတိုးရမည့်လစာ၊ တိုးရမည့်ကုန်စျေးနှုန်းနှင့်

ကာမိပါ့မလား။ ဒီလိုဆိုရင်တော့ မထူးပါဘူးဆိုပြီးတော့ စိတ်ပျက်အားလျော့မှုတွေဖြစ်ပေါ်နေပါသည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ကျန်တဲ့ပြည်သူသန်း ၅၀ ကလည်း ဝန်ထမ်းတွေလစာတိုးပေးရင် ကုန်ဈေးနှုန်းတွေတက်လာမှာပဲ ငါတို့တွေဒုက္ခရောက်နိုင်တယ်ဆိုပြီးတော့ ဝန်ထမ်းတွေရဲ့ လက်ရှိနိမ့်ပါးနေတဲ့ လစာကို စာနာမိသော်လည်းပဲ မိမိတို့ကြုံတွေ့လာနိုင်မယ့် အခက်အခဲကိုရင်မဆိုင်နိုင်သည့်အတွက် ဝန်ထမ်းတစ်သန်း၏ဘဝကို စာနာမပေးနိုင်တော့သည့်အတွေးမျိုးတွေလည်း ပေါ်ပေါက်နေရပါသည်။ ဒီအစွဲအလမ်းတွေဟာ အကြောင်းမဲ့ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ အစဉ်အလာရှိခဲ့သည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမှန်တကယ်မှာ ဒီနေ့ဝန်ထမ်းတွေလစာတိုးပေးလိုက်တဲ့အခါမှာ ဝန်ထမ်းတွေ အနေနဲ့ ယခင်က ထမင်းနှစ်နပ်စားနေရာကနေ လေးနပ်တိုးမစားနိုင်ပါဘူး။ ကျန်ပြည်သူသန်း ၅၀ ကလည်း ထမင်းနှစ်နပ်စားရင်နှစ်နပ်ပဲစားပါမယ်။ သို့သော်လည်း အမှန်တကယ် သုံးစွဲမှုပိုတိုးမသွားပါ။ သို့သော် လစာတက်ပေးတော့မယ်လို့သတင်းရတာနဲ့ ဆန်တွေကို မူလက တစ်အိတ်ချင်းဝယ်သူက သုံးအိတ်၊ ငါးအိတ်ထပ်ဝယ်တယ်။ ထိုအခါမှာ သုံးစွဲမှုမတိုးသော်လည်းပဲ ဝယ်လိုအားတက်သွားတယ်။ ရောင်းတဲ့ကုန်သည်၊ တောင်သူတွေကလည်း မရောင်းတော့ဘူး။ အဲ့ဒီအခါမှာ ရောင်းလိုအားကျသွားပြီးတော့မှ ကုန်ဈေးနှုန်းတွေတက်တာဖြစ်ပါတယ်။

အထက်ပါဖြစ်စဉ်ကိုသုံးသပ်ပါက ကုန်ဈေးနှုန်းတက်သွားရခြင်းဟာ နိုင်ငံ့ဝန်ထမ်းများကို ပိုမိုတိုးမြှင့်ပေးလိုက်သောငွေနှင့် ဝန်ထမ်းများက ပိုမိုသုံးစွဲ၍မဟုတ်ဘဲ အားလုံး၏စိတ်ထဲတွင်ရှိနေသော၊ ယုံကြည်စွဲလမ်းနေသောစိတ်အစွဲကြောင့်သာလျှင်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထိုနည်းတူပင် ကုန်ဈေးနှုန်းများ၏ပင်မသေ့ချက်ဖြစ်သော၊ ဈေးနှုန်းဖြစ်သော နိုင်ငံခြားငွေလဲနှုန်းမှာလည်း ထိုကဲ့သို့ အစွဲအလမ်းများကြောင့် ဝန်ထမ်းလစာတိုးတာနှင့် ဒေါ်လာဈေးတွေတက်လာမယ်ဆိုတဲ့အစွဲကြောင့် ဝယ်သူတွေက ပိုဝယ်စုတယ်။ ရောင်းသူတွေကလည်း မရောင်းဘူး။ ဈေးမြှင့်ပြီးမှရောင်းတယ်။ အဲ့ဒီလိုနဲ့ဒေါ်လာဈေးတွေတက်တယ်။ ဒေါ်လာဈေးတွေတက်တာနှင့် ၎င်းနှင့်ဆက်စပ်နေတဲ့သွင်းကုန်၊ ပို့ကုန်အားလုံးဟာ စားအုန်းဆီမှအပ ဆန်အားလုံးဈေးတက်ပါတော့တယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းလစာတိုးမြှင့်ချိန်မှာ ကုန်ဈေးနှုန်းတက်ရခြင်းဟာ အစွဲအလမ်းကြောင့်ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများလစာတိုးပေးချိန်မှာ ယုံကြည်ချက်အစွဲအလမ်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုကို စီမံချက်ချဆောင်ရွက်ထားသင့်ပြီး ဆောင်ရွက်ထားသောစီမံချက်ကို ပြည်သူလူထုအား အသိပေးထားသင့်ပါကြောင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ဝန်ထမ်းလစာတိုးမြှင့်ချိန်တွင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း နောက်ဆက်တွဲဖြစ်ရပ် ဖြစ်ပေါ်မလာစေရန် စီမံချက်ချဆောင်ရွက်ထား

မှုကြမ်း

ရန်ရှိ/မရှိနှင့် ရှိပါက မည်သို့စီမံဆောင်ရွက်ထားကြောင်း သိရှိလို၍မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများလစာကို အဆင့်အတန်းနှင့်လျော်ညီပြီး လက်ရှိနေထိုင်စားသောက်စရိတ်နှင့် လိုက်လျောညီထွေမယ့်လစာသို့ ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးတဲ့အချိန်တွင် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်မယ့် ကုန်ဈေးနှုန်းတက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းများ ဖြစ်ပေါ်လာခြင်းမရှိအောင် စီမံချက်များဆောင်ရွက်ရန်ရှိ/မရှိနှင့်ရှိပါက မည်ကဲ့သို့စီမံဆောင်ရွက်ထားကြောင်းကို သိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့ မူလဖြေကြားရန်အစီအစဉ်အရ ဗဟိုဘဏ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖြေကြားချက်ကို ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ရဲ့ ရှေ့မှောက်မှာရှင်းလင်းတင်ပြဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

ပြင်ဆင်သတ်မှတ်သောအစီအစဉ်အရ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကလည်းတက်ရောက်လာကြပါသဖြင့် ဖြည့်စွက်ဖြေကြားရန်ရှိပါက ဖြေကြားသွားမည်ဖြစ်ကြောင်းကိုလည်းတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ရဲ့မေးခွန်းမှာ ဖော်ပြချက်တွေဟာ Precautionary motive နှင့် Speculative motive တို့ကြောင့် ဖြစ်ပေါ်လာတဲ့ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းများကို မေးမြန်းထားခြင်းဖြစ်ပြီးတော့ အဲ့ဒီအချက်များဟာ လူသားတို့ရဲ့အပြုအမူနဲ့ဆိုင်တဲ့ကိစ္စရပ်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထိန်းချုပ်နိုင်ရန်ခက်ခဲပါတယ်။ သို့သော် နိုင်ငံတော်အနေနဲ့ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ စသည်တို့ဖြင့် ငွေကြေးဖောင်းပွမှုမြင့်မားမှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းများလစာကို အဆင့်အတန်းနှင့်လျော်ညီပြီး လက်ရှိနေထိုင်စားသောက်စရိတ်နှင့် လိုက်လျော

ညီထွေမယ့်လစာကို ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးတဲ့အချိန်မှာ နိုင်ငံတော်ရဲ့ဘတ်ဂျက်အသုံးစရိတ် တိုးလာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့အကျိုးဆက်တွေကို ဦးစွာတင်ပြလိုပါတယ်။ ဒီနေရာမှာ ဖြစ်ပေါ် လာနိုင်တဲ့အကျိုးဆက် လေးခုကို သုံးသပ်ပြီးတော့တင်ပြသွားမှာဖြစ်ပါတယ်။

ပထမအချက်ကတော့ လစာတွေတိုးလာတဲ့အခါမှာ အစိုးရရဲ့ဘတ်ဂျက်အသုံးစရိတ်တိုးလာ မည်ဖြစ်ပြီးတော့ ဘတ်ဂျက်ဝင်ငွေတိုးလာခြင်းကို ဗဟိုဘဏ်ကနေပြီးတော့ ငွေကြေးထုတ်ဝေခြင်းနှင့် ဖြည့်ဆည်းပေးရမယ်ဆိုရင် ငွေကြေးပမာဏများလာခြင်းကြောင့် ငွေကြေးဖောင်းပွမှု တိုးလာမှာဖြစ်ပါ တယ်။ ဒုတိယအချက်ကတော့ ဝင်ငွေတိုးလာတဲ့အတွက်ကြောင့်မို့ စားသုံးမှု(Consumption) တိုးလာ မည်ဖြစ်ပြီးတော့ ဝယ်လိုအားများလာခြင်းအတွက် လုံလောက်တဲ့ရောင်းလိုအားမရှိဘူးဆိုရင် တိုက်ရိုက် အကျိုးဆက်အနေနဲ့ ဝယ်လိုအားမြင့်တက်မှုကြောင့်ဖြစ်ပေါ်တဲ့ ငွေကြေးဖောင်းပွမှုတိုးမြင့်လာမှာ ဖြစ် ပါတယ်။ Demand pull inflation ဖြစ်ပါတယ်။ တတိယအချက်ကတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ခ တွေတိုးလာခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍနှင့်အခြားကဏ္ဍများရဲ့ လစာလုပ်ခများလည်း ထပ်မံတိုးမြင့် လာနိုင်မည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထုတ်လုပ်မှုစရိတ်တိုးလာပြီးတော့ ငွေကြေးဖောင်းပွမှုနှုန်း တိုးလာနိုင်ပါတယ်။ Cost push inflation ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ဒီဝယ်လိုအား တိုးလာခြင်းကြောင့် သွင်းကုန်တင်သွင်းမှုလိုမှုများ တိုးမြင့်လာပြီးတော့ ပြည်ပငွေပေးငွေယူရှင်းတမ်းရဲ့ သာမန်စာရင်းပိုင်းလိုငွေ(Current Account Deficit) မြင့်တက်နိုင်ပြီးတော့ အဲ့ဒီကမှတစ်ဆင့် မြန်မာ ကျပ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်း ထပ်မံမြင့်မားနိုင်ခြင်း ဖြစ်ပါတယ်။ ဒီ့ အတွက်ကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ပေးပါက ငွေကြေးဖောင်းပွမှုနှုန်း လွန်စွာမြင့်မားမှု မရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေကြေးမူဝါဒအပိုင်းကနေပြီး အောက်ပါတို့ကို ဆောင် ရွက်သွားရန်စီစဉ်ထားရှိပါတယ်။

ပထမတစ်ချက်ကတော့ ဘတ်ဂျက်လိုငွေအတွက် ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူပြီးတော့ တိုက်ရိုက်ဖြည့်ဆည်းခြင်းကို လျှော့ချပြီးတော့ အခြားဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ အစိုးရငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းဖြင့် ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းခြင်းနည်းလမ်းဖြစ်ပါတယ်။ အဲ့ဒီအစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်နှင့်ရောင်းချပြီး တော့ ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ စတင်ခဲ့ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အရှိန်မြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားပါတယ်။ ငွေကြေးသက်သေ

ခံလက်မှတ်များ ဈေးကွက်မှာရောင်းဝယ်ခြင်းစတဲ့ Open Market Operation နည်းလမ်းကိုလည်း အပြည့်အဝအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဈေးကွက်မှ ပိုလျှံနေတဲ့ငွေကြေးတွေကို နုတ်သိမ်းမှုကို တိုးမြှင့်ဆောင်ရွက်သွားခြင်းဖြစ်ပါတယ်။ အဲ့ဒီ ပိုလျှံငွေကြေးတွေ နုတ်သိမ်းနိုင်ရန်အတွက် ဗဟိုဘဏ်ဟာ အပ်ငွေလေလံခေါ်ယူမှုကို ၂၀၁၂ ခုနှစ် စက်တင်ဘာလကနေပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှ ယခု ဖေဖော်ဝါရီလအထိက အပ်ငွေလေလံ အကြိမ် ၂၀ ခေါ်ယူခဲ့ပြီးတော့ စုစုပေါင်းငွေကျပ် ၂၃၉၆ ဘီလီယံကို ခေါ်ယူခဲ့ပါတယ်။ အဲ့ဒီနည်းအားဖြင့် ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ရည်မှန်းချက် ဘောင်အတွင်းမှထိန်းသိမ်းနိုင်ခဲ့ပြီးတော့ ငွေကြေးဖောင်းပွမှုနှုန်းကလည်း ၆ ရာခိုင်နှုန်းလောက်မှာ ထိန်းသိမ်းထားရှိနိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း ငွေကြေးဖောင်းပွမှုနှုန်း မမြင့်မားစေရန် ထပ်မံတိုးလာမယ့်ငွေကြေးပမာဏ(Excess liquidity) တွေကို အခု ကျွန်မတို့ ဆောင်ရွက်နေတဲ့ အပ်ငွေလေလံစနစ်ဖြင့် တိုးမြှင့်ခေါ်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တတိယ အချက်ကတော့ ငွေကြေးမူဝါဒနည်းလမ်းများကို တိုးမြှင့်အသုံးပြုသွားမှာဖြစ်ပါတယ်။ ထိရောက်တဲ့ ငွေကြေးမူဝါဒတိုးမြှင့်ကျင့်သုံးနိုင်ဖို့အတွက် အတိုးနှုန်း(interest rate)နှင့် သီးသန့်ငွေလိုအပ်ချက် (reserve requirement)အပါအဝင် ငွေကြေးမူဝါဒနည်းလမ်းများကို ပြောင်းလဲသတ်မှတ်ခြင်းဖြင့် အနေတော်ငွေကြေးပမာဏရှိစေရန် ထိန်းကျောင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဘဏ္ဍာရေးမူဝါဒနှင့် အထွေထွေစီးပွားရေးမူဝါဒပိုင်းဆိုင်ရာနည်းလမ်းများကို ဆက်လက်ပြီးတော့ တင်ပြသွားပါမယ်။

နိုင်ငံတော်ရဲ့စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း များပိုမိုတိုးတက်စေရန် ပြည်သူများတစ်ပိုင်တစ်နိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့ အိတ်ချိန်းကို ယခုနှစ်မှာ ဖွင့်လှစ်ရန်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပြဋ္ဌာန်းခြင်းနှင့် မြန်မာနိုင်ငံရဲ့ငွေချေးသက်သေခံလက်မှတ်များလုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ စားသုံးမှုကိုတိုးခြင်း ထက် စုဆောင်းမှုကမှတစ်ဆင့် ပြည်သူများရဲ့ရင်းနှီးမြှုပ်နှံမှုကို တိုးစေရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ငွေကြေးရဲ့ဝယ်နိုင်စွမ်းအားနှင့်လျော်ညီတဲ့ ကုန်ပစ္စည်းထုတ်လုပ်မှုစွမ်းအား မြှင့်တင်နိုင်ရေးအတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ပြီးတော့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၁-၂၀၃၁ ကို ရေးဆွဲအကောင်အထည်ဖော်

ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအပြင် ပြည်သူများရဲ့စားဝတ်နေရေးပြေလည်မှုကို ရှေးရှုလျက် အခြေခံစားကုန်ပစ္စည်းဈေးနှုန်းအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ဘတ်ဂျက်လိုငွေပြမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဘတ်ဂျက်လိုငွေနှင့် GDP ရဲ့အချိုးကို ၅ ရာခိုင်နှုန်းထက်မကျော်စေရန် ထိန်းညှိဆောင်ရွက်လျက်ရှိပြီး ဘတ်ဂျက်လိုငွေလျော့နည်းလာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနိုင်စေရန်အတွက် စီမံကိန်းနှင့်ဘတ်ဂျက်မှာ အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နောင်ကာလများမှာ မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းမှုစနစ်(Myanmar Provident Fund) ကို ထူထောင်ပြီးတော့ အလုပ်ရှင်နှင့်အလုပ်သမား ပါဝင်ထည့်ဝင်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများ အငြိမ်းစားယူတဲ့အခါမှာ ကိုယ်ပိုင်အိမ်ရာနေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုလူနေမှုဘဝမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် ငွေကြေးဖောင်းပွမှုအခြေအနေကို လေ့လာခန့်မှန်းရန်အတွက် ငွေကြေးဖောင်းပွမှုနှုန်းလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ၎င်းတို့ရဲ့သက်ဆိုင်ရာဌာနများ ပါဝင်ဖွဲ့စည်းခဲ့ပြီးတော့ လစဉ်အစီရင်ခံစာတင်သွင်းလျက်ရှိပါတယ်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လစာတိုးမြင့်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမယ့်ကိစ္စရပ်များအတွက် ကြိုတင်မျှော်မှန်းပြီး ဘက်ပေါင်းစုံမှထောက်ရှုလျက် အနာဂတ်ဖူလုံနိုင်မည့် လူမှုရေးဆိုင်ရာအစီအစဉ်များ၊ ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများနှင့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ရဲ့မေးခွန်းနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းများလစာတိုးမြှင့်မှုအပေါ်မှာ ကုန်ဈေးနှုန်းမြင့်တက်မှု မဖြစ်ပေါ်စေရေးအတွက်ကို ဆောင်ရွက်မည့်အစီအမံများကို အကျဉ်းချုပ်၍ တင်ပြပါမယ်။ ပြည်တွင်းမှာထုတ်လုပ်မှုရှိတဲ့ အခြေခံစားကုန်၊ လူသုံးကုန်ပစ္စည်းများရဲ့ ဈေးနှုန်းပြောင်းလဲမှုဟာ ပြည်တွင်းထုတ်လုပ်မှု(Supply)နဲ့ ဝယ်လိုအား (Demand) ပြောင်းလဲမှုအခြေအနေ၊ ပြည်တွင်းကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်မှုအခြေအနေ၊ ပြည်ပကို တင်ပို့တဲ့ပစ္စည်းတွေဖြစ်ပါက ပြည်ပကဝယ်လိုအားနဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်မှာလည်း အများကြီးမူတည်လျက်ရှိပါတယ်။ ပြည်ပမှတင်သွင်းတဲ့ အခြေခံစားကုန်၊ လူသုံးကုန်ပစ္စည်းများရဲ့ ဈေးနှုန်းအတက်အကျကတော့ ပြည်ပမှာဖြစ်ပေါ်နေတဲ့ အဲ့ဒီကုန်ပစ္စည်းများရဲ့ ဈေးနှုန်းတွေပြောင်းလဲမှုအခြေအနေ၊ ငွေလဲလှယ်မှုနှုန်းထားများ ပြောင်းလဲမှုအခြေအနေနဲ့ ပြည်ပမှတင်သွင်းတဲ့ပမာဏ (Supply)နဲ့ ပြည်တွင်းမှဝယ်ယူလိုတဲ့ ဝယ်လိုအား(Demand) အခြေအနေပေါ်မှာမူတည်လျက် ရှိပါတယ်။ ဒါ့အပြင်မှာ တစ်ခါတစ်ရံမှာတော့ ကောလာဟလသတင်းတွေ၊ မမှန်မကန်သတင်းထွက်ပေါ်လာခြင်းကြောင့်လည်း ကုန်ဈေးနှုန်းတွေ ရုတ်ခြည်းမြင့်တက်မှု၊ နိမ့်ကျမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ကျွန်တော်တို့အနေနဲ့ အဓိကပြည်တွင်းမှာ ထုတ်လုပ်စိုက်ပျိုးတဲ့ ပစ္စည်းတွေဈေးနှုန်းမြင့်တက်မှု မဖြစ်အောင်၊ ပြည်ပမှတင်သွင်းတဲ့ပစ္စည်းတွေ ဈေးနှုန်းမြင့်တက်မှုမဖြစ်အောင် အောက်ဖော်ပြပါ လိုအပ်တဲ့စီမံခန့်ခွဲမှုတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီးဦးဆောင်ပြီးတော့ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီကော်မတီမှာလည်း ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနဲ့ ညီနောင်အသင်းများမှ ပုဂ္ဂိုလ်များနှင့် မိမိတို့ဝန်ကြီးဌာနမှအဖွဲ့ဝင်များနဲ့ ပေါင်းစပ်ပြီးတော့ လစဉ်လတိုင်း ပြည်ထောင်စု

ကုန်ဈေးနှုန်း တည်ငြိမ်ရေးအစည်းအဝေးများကို ကျင်းပလျက်ရှိပါတယ်။ အဲ့ဒီအစည်းအဝေးများ ကျင်ပပြီးတော့မှ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှာ အဓိကအခြေခံစားကုန်၊ လူသုံးကုန် ပစ္စည်းတွေရဲ့ ဈေးနှုန်းတည်ငြိမ်မှုရှိအောင် လိုအပ်တဲ့အစီအမံများကို ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ ဝန်ထမ်းများလစာတိုးပေးပြီးရင် ကုန်ဈေးနှုန်းတွေမြင့်တက်မှု၊ မဖြစ်သင့်တဲ့ ကုန်ဈေးနှုန်းမြင့်တက်မှုတွေ မဖြစ်ပေါ်စေရေးကို အဓိကစိုက်ပျိုးသီးနှံများအတွက်ကိုတော့ သီးနှံ စိုက်ပျိုးချိန်၊ လက်ကျန်နည်းချိန်၊ သဘာဝဘေးအန္တရာယ်များကျရောက်ချိန်၊ နိုင်ငံရေးမတည်ငြိမ်မှု များဖြစ်ချိန်များမှာ လှောင်တဲ့ကုန်သည်များတွေကနေပြီးတော့ တက်ဈေးကိုမျှော်ပြီးတော့ ဈေးကွက် ထဲသို့ကုန်စည်ဖြန့်ဖြူးမှုကို ထိန်းချုပ်ထားခြင်း၊ ဈေးကျချိန်ရောက်သော်လည်း ဈေးမကျချိန်အတွင်း တက်ဈေးဖြင့်ဆက်လက်ရောင်းချနေမှုတွေကို စိစစ်ဖော်ထုတ်ပြီးတော့ စီမံခန့်ခွဲမှုနည်းလမ်းအနေနဲ့ ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူများအနေနဲ့လည်း သီးနှံဈေးနှုန်းတွေကျဆင်းပြီး တော့ အရှုံးပေါ်မှုတွေကြောင့် မိရိုးဖလာစိုက်ပျိုးနေကျ အဓိကစားသုံးသီးနှံများထက် ဈေးကွက်ခိုင်မာ ပြီးတော့ ဈေးပိုမိုရတဲ့ ပြည်ပပို့ကုန်သီးနှံတွေကို ရွေးချယ်စိုက်ပျိုးလာနိုင်တာဖြစ်တဲ့အတွက်ကြောင့် မို့လို့ အခြေခံစားကုန်တွေရှားပါးပြီး ဈေးနှုန်းတွေမြင့်တက်မှုတွေကို မဖြစ်ပေါ်အောင်၊ ရှောင်လွှဲနိုင် အောင်အတွက်ကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့တွေ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာ ရှိတဲ့ ရောင်းချသူဈေးသည်တွေအများစုအနေနဲ့ ကုန်ပစ္စည်းတွေကို အမြတ်ရလိုမှုကြောင့် ဝယ်ရင်းဈေး ပေါ်မှာဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းထက်အမြတ်များများတင်ပြီးတော့ ရောင်းချမှုတွေရှိနေခြင်း အပေါ်ကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများ၊ ဈေးစီမံခန့်ခွဲသူများ၊ သက်ဆိုင်ရာဌာနဆိုင် ရာများနှင့်အရေးယူ ဆောင်ရွက်ဖို့ကိုလည်း စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စားသုံးသူများ ဘက်ကတော့ ကောလာဟလသတင်းတွေကိုယုံကြည်ပြီးတော့ ဈေးနှုန်းတွေမြင့်တော့မယ်အထင် နဲ့ကုန်ပစ္စည်းတွေကို စိုးရိမ်စိတ်ဖြင့် သယ်ယူစုဆောင်းမှုတွေမဖြစ်ပေါ်စေဖို့ ထိန်းသိမ်းမှုများ အသိ ပညာပေးသတင်းဖြန့်ဝေမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကုန်ဈေးနှုန်းအတက်အကျပြောင်းလဲမှုမှာ အမေရိကန်ဒေါ်လာငွေတန်ဖိုးမြင့်တက်ခြင်း၊ ကျဆင်းခြင်း တို့ဟာ အဓိကပြည်ပမှတင်သွင်းတဲ့ပစ္စည်းတွေမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည်ပမှတင်သွင်းတဲ့ပစ္စည်းတွေအတွက် အမေရိကန်ဒေါ်လာငွေတန်ဖိုး မြင့်တင်

မှုကြမ်း

ခြင်းအပေါ်မှာလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ တင်သွင်းကုန်ပစ္စည်းဈေးတက်မှုကိုသာ စီမံဆောင်ရွက်စေပြီးတော့ အမြတ်တင်မှုနဲ့ပစ္စည်းပြတ်လပ်မှုကို အခွင့်ကောင်းယူပြီးတော့ အမြတ်တင်မှုများ၊ ပစ္စည်းထိန်းမှုများမဖြစ်အောင် အဓိကလိုအပ်တဲ့လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုကို စဉ်ဆက်မပြတ်အားပေးဆောင်ရွက်မှာဖြစ်ပြီးတော့ ဈေးကိုမတန်တဆ တက်မှုမဖြစ်အောင်လည်း လိုအပ်တဲ့အစီအမံများနဲ့ ထိန်းကွပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မလိုလားအပ်တဲ့ ကုန်ပစ္စည်းရှားပါးမှု၊ ဈေးနှုန်းမြင့်တက်မှုသတင်းတွေကို လုပ်ကြံဖြန့်ဝေမှုများရှိပါက လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့တာဝန်ရှိ ပြည်သူများက သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် မီဒီယာများမှတစ်ဆင့် အမေး၊ အဖြေကဏ္ဍတွေပြုလုပ်ပြီးတော့ ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှု၊ ပိုလျှံမှုတွေအပေါ်မှာ ထိုက်သင့်တဲ့အရေးအတွက်ကိုပဲ ပြည်ပသို့တင်ပို့ရောင်းချအောင် စီမံဆောင်ရွက်နေမှုနဲ့ ပြည်တွင်းလက်ကျန်အခြေအနေ အမှန်တကယ်ဖြစ်ပေါ်သင့်တဲ့ ဈေးကွက်၊ ဈေးနှုန်းအခြေအနေတွေကို အများပြည်သူသိရှိအောင် ပြောကြားပေးရန် စီစဉ်ဆောင်ရွက်မှာဖြစ်ကြောင်းကိုတင်ပြလိုပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မတို့ လစာတွေပေါ့ ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးတဲ့အတွက်ကြောင့်မို့လို့ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်မည့်ကုန်ဈေးနှုန်းတက်တာ၊ ငွေကြေးဖောင်းပွမှုဖြစ်တယ်ဆိုတာလည်း အကြောင်းအရင်းကတော့ သုံးချက်ရှိပါတယ်။ လစာတွေတိုးလာတဲ့အခါ စားသုံးမှုဟာလည်းတိုးလာပြီးတော့ အဲ့ဒီလိုတိုးတက်လာမည့်စားသုံးမှုအတွက် နေ့စဉ်အသုံးစရိတ်တွေကလည်း တိုးတက်လာတယ်။ ဒါကြောင့်မို့လို့ တိုးတက်လာမည့်နေ့စဉ်အသုံးစရိတ်တွေအတွက် လဲလှယ်မှုပြုတဲ့ (Transactions Motive)ကြောင့်လည်းဖြစ်နိုင်ပါတယ်။ နောက်တစ်ခုကတော့ မမျှော်လင့်တဲ့အကြောင်းတွေကြောင့် ကြိုတင်ကာကွယ်လိုတာ။ အနာဂတ်ကိုမယုံကြည်တာပေါ့လေ။ ဒီအကြောင်းပေါ့နော်။ Precautionary Motive ကြောင့်လည်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဈေးကစားလိုတဲ့အချက်တွေ၊ နောက်အကျိုးအမြတ်ကိုပိုပြီး ရယူလိုတဲ့ အကြောင်းအရင်းတွေအတွက်ကြောင့်မို့လို့ ကုန်စည်တွေကို စုဆောင်းတယ်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်တယ်စတဲ့ Speculative Motive ကြောင့်ပဲဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီမှာဈေးကစားလိုခြင်းနဲ့အကျိုးအမြတ်ရယူလိုတဲ့အတွက်ကြောင့်မို့လို့ ကြိုတင်စုဆောင်းခြင်းရယ်၊ နောက်တစ်ခါ အနာဂတ်ကိုမယုံကြည်တဲ့အတွက်ကြောင့်မို့လို့ပေါ့နော် ကုန်စည်တွေကိုဝယ်လာကြတဲ့ အကြောင်းအရင်းနှစ်ခု

ကတော့ လူသားတွေရဲ့အပြုအမူနဲ့ ပတ်သက်နေပါတယ်။ အဲ့ဒါကြောင့်မို့လို့ ထိန်းချုပ်ဖို့ကတော့ ခက်ခဲမှုရှိပါတယ်။ စျေးကစားလိုခြင်းနဲ့ အကျိုးအမြတ်ရရှိလိုတဲ့အတွက်ကြောင့်မို့လို့ ကြိုတင်စုဆောင်းခြင်းကိုတော့ ငွေကြေးတတ်နိုင်ပြီးတော့ ချမ်းသာတဲ့၊ အကျိုးအမြတ်များစွာ ရယူလိုတဲ့ လုပ်ငန်းရှင်များကနေပြီးတော့ ဆောင်ရွက်မှုရှိကြပါတယ်။ ကြိုတင်ကာကွယ်လိုခြင်းနဲ့ အနာဂတ်ကို မယုံကြည်တဲ့အတွက် ကုန်စည်တွေပေါ့နော် ကြိုတင်စုဆောင်းခြင်းဆိုတဲ့ ဒီအကြောင်းအခြင်းအရာကိုတော့ သက်ဆိုင်ရာလူတန်းစား အလွှာအသီးသီးကနေပြီးတော့ အလွှာတိုင်း၊ အဆင့်တိုင်းမှာ ဖြစ်ပေါ်တတ်ပါတယ်။ ဒါကြောင့်မို့လို့ကြိုတင်ခန့်မှန်းလို့မရပါဘူး။ ဒါပေမယ့်လည်း ခုနက ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌကြီးနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးကလည်း တတ်နိုင်သလောက် ကျွန်မတို့ နောက်တစ်ခါ ဘဏ္ဍာရေးဝန်ကြီးဌာနလည်းပါပါတယ်။ ဘဏ္ဍာရေးပေါ်လစီ၊ နောက်တစ်ခါ ငွေရေးကြေးရေးပေါ်လစီ၊ နောက်တစ်ခါ စီးပွားရေးပေါ်လစီအားလုံးပေါ့။ မက်ခရိုအားလုံး အကုန်လုံးဝိုင်းပြီးတော့ ကျွန်မတို့က တတ်နိုင်သလောက် ခုနက အစီအမံတွေလည်း ပြောပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကလည်း ပါဝင်ပတ်သက်တဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကုန်လုံးမှာဝိုင်းပြီးတော့ ကျွန်မတို့ ဒီအစီအမံတွေကို ဝိုင်းပြီးတော့ ဆောင်ရွက်နေကြောင်းလည်း တင်ပြခြင်ပါတယ်။ နောက်ဒါတွေကတော့ တင်ပြပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မလည်း မပြောတော့ပါဘူး။ ကျွန်မတို့ လိုငွေနဲ့ GDPအချိုးကိုလည်း ကျွန်မတို့က တတ်နိုင်သလောက်ပေါ့နော် ၅ ရာခိုင်နှုန်းထက် မကျော်လွန်အောင် ထိန်းညှိဆောင်ရွက်တယ်။ ဒီဘတ်ဂျက်တွေကိုလည်း စိစိစစ်စစ် ကျွန်မတို့က ဆောင်ရွက်ပေးတယ်။ ဒါတွေဟာလည်း ဒီအကြောင်းအရာတွေကိုပေါ့နော် မဖြစ်ပေါ်အောင်ထိန်းတဲ့ အကြောင်းအရာလေးဖြစ်ပါတယ်။ ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့လည်း ဒီကိစ္စရပ်မှာ ကျန်သော၊ သက်ဆိုင်သောဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘဏ္ဍာရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ဒေါက်တာဝင်းမြင့်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းမှ ဖြည့်စွက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လစာတွေတိုးတယ်ဆိုလို့ရှိရင်တော့ သူ့ရဲ့ထုံးစံအရတော့ ငွေကြေးထည့်ဝင်တာတွေများသွားတဲ့

အတွက်ကြောင့် ငွေဖောင်းပွမှုနှုန်းတော့ တက်မှာဖြစ်ပါတယ်။ လစာတွေတိုးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကျွန်တော်တို့ ပြည်သူ့ဘဏ္ဍာရေး (Public Finance) ရှုထောင့်ကကြည့်မယ်ဆိုရင်တော့ Aggregate Demand လို့ခေါ်တဲ့ တစ်နိုင်ငံလုံးရဲ့ ဝယ်လိုအားတွေ တက်သွားပါတယ်။ အဲ့လိုတက်သွားတဲ့အခါမှာ Demand Pull Inflation လို့ခေါ်တဲ့ ဝယ်လိုအားများတဲ့အတွက်ကြောင့် ဖြစ်တဲ့အတွက် Inflation ဖြစ်ပါတယ်။ အဲ့ဒီလိုဖြစ်တဲ့အခါမှာ အဲ့ဒါကိုမဖြစ်အောင် ကျွန်တော်တို့က တားဆီးဖို့ ကာကွယ်ပေးဖို့လိုပါတယ်။ ဘာ့ကြောင့်လဲလို့မေးရင် နိုင်ငံတစ်နိုင်ငံရဲ့ Macro Economic Stability လို့ခေါ်တဲ့ နိုင်ငံရဲ့စီးပွားရေးတည်ငြိမ်မှုကိုထိခိုက်စေတဲ့အကြောင်းတရား (၅)ချက်ရှိပါတယ်ခင်ဗျား။ အဲ့ဒီ(၅)ချက်ထဲမှာ (၁)ကတော့ Inflation ဖြစ်ပါတယ်။ Inflation တအားတက်သွားလို့ရှိရင် နိုင်ငံတော်ရဲ့ Macro Economic Stability တွေကို ထိခိုက်သွားနိုင်ပါတယ်။ အဲ့ဒီလိုထိခိုက်သွားလို့ရှိရင် တခြားနိုင်ငံတွေမှာတော့ တော်တော်ကို ဆိုးဆိုးရွားရွား စီးပွားရေးကမောက်ကမဖြစ်မှုတွေဖြစ်သွားပါတယ်။ အဲ့ဒီတော့ အဲ့ဒါကိုမဖြစ်အောင်ဆိုရင် ကျွန်တော်တို့က Inflation ကို ကာကွယ်ဖို့လိုပါတယ်။ Inflation ကိုကာကွယ်တဲ့နေရာမှာ Fiscal Policy လို့ခေါ်တဲ့ ဘဏ္ဍာရေးမူဝါဒရှုထောင့်ကနေပြီးတော့ ကာကွယ်တဲ့နည်းလမ်း နှစ်မျိုးရှိပါတယ်ခင်ဗျား။ ပထမနည်းလမ်းကတော့ ကျွန်တော်တို့ အသုံးစရိတ်တွေကို ဖြတ်တောက်ခြင်းဖြစ်ပါတယ်။ အသုံးစရိတ်ဖြတ်တောက်တာမှာလည်းပဲ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုပြီး နှစ်မျိုးရှိတဲ့အနက်က သာမန်အသုံးစရိတ်ဖြတ်တောက်တာတော့ သိပ်ပြီးတော့ထိရောက်မှုမရှိပါဘူး။ သိပ်ပြီးတော့လည်းဖြစ်တောက်လို့မရပါဘူး။ ဘာကြောင့်ပါလဲဆိုရင် သာမန်အသုံးစရိတ်မှာလစာတွေပါ ပါနေပါတယ်။ လစာမဟုတ်တဲ့အခြားအသုံးစရိတ်တွေ ဥပမာအားဖြင့် စက္ကူထုပ်ငါးထုပ်ဝယ်တာကနေပြီးတော့ သုံးထုပ်ပဲဝယ်လို့ပြောတာမျိုးတွေကတော့ ဖြတ်တော့ဖြတ်တောက်ပေမယ့် Inflation ကို သွားပြီးတော့ ထိခိုက်လောက်အောင် ကြီးကြီးမားမား အကျိုးသက်ရောက်မှုတွေမရှိနိုင်ပါဘူး။ အဲ့ဒီတော့ အသုံးစရိတ်ဖြတ်တောက်တဲ့နေရာမှာ ကျွန်တော်တို့ ငွေလုံးငွေရင်းအသုံးစရိတ်ကို ဖြတ်တောက်ရပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် ဖြတ်တောက်တာမှာလည်း မကောင်းတဲ့အချက်တွေရှိပါသေးတယ်။ ဥပမာအားဖြင့် Project ကြီးတစ်ခုရဲ့ ငွေလုံးငွေရင်းကို ကျွန်တော်တို့ ဖြတ်တောက်လိုက်မယ်ဆိုရင် Project ရပ်သွားတာနဲ့ Project ပြန်စရင်လည်း ဒီ Project ကပျက်သွားနိုင်တဲ့ အနေအထားမျိုးတွေရှိတော့ ငွေလုံးငွေရင်းဖြတ်တောက်တဲ့နည်းလည်းကောင်းတော့ကောင်းပေမယ့် သတိထားပြီးတော့ သုံးဖို့ရှိပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အခွန်ငွေတွေကို တိုးပြီးရှာတဲ့နည်းလမ်း ဖြစ်ပါတယ်။ အခွန်ငွေတွေကို တိုးရှာတာမှာလည်းပဲ နည်းလမ်းနှစ်ခုရှိပါတယ်။ ပထမနည်းလမ်းကတော့ အခွန်နှုန်းထားတွေမြှင့်တဲ့နည်းလမ်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီနည်းလမ်းကတော့ ဘယ်နိုင်ငံမှာမှ မသုံးပါဘူးခင်ဗျား။ ဘာ့ကြောင့်လဲဆိုတော့ ပြည်သူတွေ မကြိုက်လို့ဖြစ်ပါတယ်။ ဥပမာအားဖြင့် လက်ရှိဂျပန်နိုင်ငံမှာ ဝန်ကြီးချုပ်မစ္စတာအာဘေး တက်လာတဲ့အချိန်မှာ စီးပွားရေးတိုးတက်အောင်ဆိုပြီးတော့ မြားသုံးစင်းမဟာဗျူဟာကိုသုံးပြီးတော့လုပ်ပါတယ်။ အဲ့မြားသုံးစင်းမှာ တစ်စင်းကတော့ ဘဏ္ဍာရေးနှင့် ပတ်သက်တဲ့မူဝါဒတွေ။ ၎င်းအရ DAT Tax ကိုတိုးဖို့ လုပ်ပါတယ်။ ၁၀ ရာခိုင်နှုန်းတိုးဖို့လုပ်ရာမှာ သူ့ရဲ့ Popularity ကျသွားတဲ့အတွက်ကြောင့် ဒါကို ရပ်ဆိုင်းလိုက်ရပါတယ်။ အဲ့ဒီနည်းလမ်းကတော့ မသုံးတာများပါတယ်။ နောက်နည်းလမ်းတစ်ခုကတော့ အခွန်လေလွင့်နေတာတွေကို ကျွန်တော်တို့ ကာကွယ်ပြီးတော့ ကျသွားအောင်လုပ်တဲ့နည်းလမ်းဖြစ်ပါတယ်။ အဲ့ဒီမှာ လည်းပဲ အခွန်တိမ်းရှောင်သူများကို ဖော်ထုတ်ခြင်းနည်းလမ်းပါပါတယ်။ ထို့အတူပဲ အရင်တုန်းက အခွန်ထဲမှာ မပါဘဲနဲ့ လွတ်နေတဲ့ဟာတွေ အခွန်ထဲဝင်အောင်ဆွဲသွင်းတဲ့နည်းလမ်းပါပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင်တော့ Inflation ကိုကာကွယ်ဖို့အတွက်၊ ထိန်းချုပ်ဖို့အတွက် ကျွန်တော်တို့ (၁)ဖြစ်တဲ့ အသုံးစရိတ်တွေ လျှော့ချခြင်းနည်းလမ်းတွေ၊ (၂)ဖြစ်တဲ့ Tax Base အခွန်အခြေခံကို တိုးချဲ့ခြင်းနည်းလမ်းများနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)။** ။ ထပ်ဆင့်မေးခွန်းမေးခွင့်ပြုပါ။ ပထမဦးစွာ ကျွန်တော်တို့ ဗဟိုဘဏ်ရဲ့ဖြေကြားချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ထပ်ဆင့်မေးခွန်းလေး မေးမြန်းလိုပါတယ်။ အဲ့ဒါကတော့ စောစောက ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌကြီး ဆွေးနွေးသွားတဲ့အပိုင်းမှာ ကျွန်တော်တို့ ဝန်ထမ်းတွေလစာတိုးမြှင့်လိုက်လို့ရှိရင် အခြားပုဂ္ဂလိကကဏ္ဍမှာရှိနေတဲ့ ဝန်ထမ်းတွေရဲ့လစာလည်း တိုးလာမယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ကုန်ဈေးနှုန်းတွေအကုန်လုံးတက်လာမယ်။ ငွေကြေးဖောင်းပွမှုလည်းဖြစ်မယ်လို့ ဆွေးနွေးသွားတာလည်း တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီနေ့ ဝန်ထမ်းတွေလစာကို တိုးမြှင့်ပေးဖို့ဆိုတဲ့အနေအထားထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ လစာဖြစ်အောင် ဆောင်ရွက်ပေးဖို့ပဲ ကျွန်တော်တို့ အဓိကတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့လစာဆိုတာ ကျွန်တော်တို့ ဒီနေ့ နိုင်ငံ့ဝန်ထမ်းအကြီးအကဲ၊ ဌာနအကြီးအကဲတစ်ယောက်ဖြစ်တဲ့ ညွှန်ကြားရေးမှူး

ချုပ်တို့၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့ရတဲ့လစာဟာ ဒီနေ့ ၂၈၀၀၀၀ ပဲရပါတယ်။ ပြင်ပမှာရှိနေတဲ့ ဝန်ထမ်းတွေရဲ့လစာဟာ Taxi ယာဉ်မောင်းတစ်ယောက်တောင်မှ တစ်လကို သုံးသိန်းလောက်ဝင်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီတွေမှာလုပ်နေတဲ့ အဆင့်အတန်းတူညီတယ်လို့ သတ်မှတ်လို့ရနိုင်တဲ့ ပုဂ္ဂိုလ်များပေါ့ အထွေထွေမန်နေဂျာအဆင့်ဆို ၁၀ သိန်းလောက်ရနေပါတယ်။ ဆိုတော့ အဲ့ဒါလေးတွေကို ကျွန်တော်တို့က လက်ရှိနိုင်ငံ့ဝန်ထမ်းတွေရဲ့ နည်းပါးနေတဲ့လစာကို အပြင်မှာလက်ရှိအလုပ်လုပ်နေတဲ့သူတွေရဲ့လစာနဲ့ တူညီနိုင်အောင်လို့ ဆောင်ရွက်ပေးဖို့ပဲ လွှတ်တော်အနေနဲ့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဝန်ထမ်းတွေကို ပြင်ပမှာရှိနေတဲ့ လက်ရှိရနေတဲ့လစာတွေထက် ပိုတိုးဖို့ဆိုပြီး ကျွန်တော်တို့တင်ပြခဲ့ခြင်းမဟုတ်ပါဘူး။ ဒါ့ကြောင့်မို့လို့ အဲ့လိုပဲဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေရဲ့လစာသည် ပြင်ပဝန်ထမ်းတွေရဲ့လစာထက် ကျော်သွားစရာရှိမှာ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီကိစ္စကတော့ ဒါကျွန်တော်တို့ ပြန်လည်ပြီးတော့ စဉ်းစားဖို့သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီဝန်ထမ်းတွေလစာတိုးတဲ့အချိန်မှာ ဝယ်လိုအားတွေတိုးလာတယ်လို့ပြောပါတယ်။ တကယ်တမ်းကျတော့ ဝန်ထမ်းတွေဟာ အခါတိုင်းကလည်းပဲ ဒီလောက်ပဲ စားစောက ကျွန်တော်တင်ပြသွားသလိုပါပဲ။ ဆန် တစ်နေ့ကို နှစ်နပ်စားတဲ့သူက နှစ်နပ်ထက်ပိုမစားနိုင်တာ အခြေခံစားကုန်တွေပါ။ စိန်တွေ၊ ပတ္တမြားတွေဈေးတက်သွားတာအရေးမကြီးပါဘူး။ အဓိက ဈေးမတက်ဖို့က ကျွန်တော်တို့ အခြေခံစားကုန်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ပေါ့၊ အခြေခံစားကုန်တွေဈေးမတက်ဖို့သာလျှင် ကျွန်တော်တို့အနေနဲ့ ဒါကို ဆောင်ရွက်ဖို့နည်းလမ်းတင်ပြခြင်းဖြစ်ပါတယ်။ အဓိကက ကျွန်တော်တို့ စားစောတုန်းက အခြေခံစားကုန်တွေနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ စားစောက ဝန်ထမ်းတစ်သန်းကလည်းပဲ လစာပိုတိုးရလို့၊ ပိုတိုးရတယ်ဆိုတာ သင့်တင့်တဲ့ လစာရတာပါခင်ဗျား။ အဲ့ဒီရတဲ့လစာလေးရဖို့ ပိုတိုးပြီးလို့တော့ သုံးနိုင်လိမ့်မယ်လို့တော့ ကျွန်တော် မထင်ပါဘူး။ ထမင်းနှစ်နပ်စားတာ နှစ်နပ်ပဲစားနိုင်ပါမယ်။ ဆီတစ်ပိဿာစားတဲ့ မိသားစုက တစ်ပိဿာပဲစားနိုင်ပါမယ်။ အခါတိုင်းကတော့ သူများတကာတွေ မေတ္တာကြေးလာပေးတာလေးနဲ့ စားနေတဲ့ဘဝကနေပြီးတော့မှ အခုတော့နိုင်ငံတော်ကနေပြီးတော့မှ ဘာပဲဖြစ်ဖြစ် သင့်တင့်တဲ့လစာကို တရားဝင်ပေးတဲ့လစာလေးနဲ့ သုံးစွဲနိုင်တဲ့အနေအထားလေးတွေ ပြောင်းလဲရောက်ရှိသွားခြင်းသာလျှင် ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ အဲ့ဒီဝန်ထမ်းတွေရဲ့ ရတဲ့လစာဟာ လစာနဲ့ ပိုပြီးတော့ ကျွန်တော်

တို့ အခြေခံပစ္စည်းတွေပိုပြီးသုံးစွဲသွားနိုင်ဖို့ဆိုတာ မရှိပါဘူး။ ထိုနည်းတူစွာပဲ အခြားပြည်သူ သန်း ၅၀ ကလည်းပဲ ဝန်ထမ်းတွေလစာတွေတိုးလာလို့ဆိုပြီးတော့။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးဖို့ပဲဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ အဲ့ဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီဗဟိုဘဏ်အနေနဲ့ကတော့ အဓိကက ကျွန်တော်တို့ ဒီငွေကြေးတွေဈေးမတက်အောင်လို့၊ ကုန်ဈေးနှုန်းတွေရဲ့အဓိက အခြေခံဈေးနှုန်းဖြစ်တဲ့ ငွေကြေးဈေးနှုန်းမတက်အောင်၊ ယခုပေါက်ဈေးထက် တစ်ဒေါ်လာကို ၂၀ လောက်လျှော့နည်းပြီးတော့ ရောင်းနေရတယ်လို့သိပါတယ်။ အဲ့ဒါဘာ့ကြောင့်ဖြစ်ရပါလဲ။ အဲ့လိုမဖြစ်ဘဲနဲ့ ကျွန်တော်တို့ တကယ်တမ်းဈေးကျစေချင်တယ်ဆိုလို့ရှိရင် ဗဟိုဘဏ်က ၂၀ လျှော့ရောင်းတယ်ဆို ၂၀ လျှော့ရောင်းတဲ့အတိုင်းပဲ ပြင်ပမှာဈေးဖြစ်သင့်ပါတယ်။ အဲ့ဒီကိစ္စလေးနဲ့ ပတ်သက်ပြီးတော့ ဗဟိုဘဏ်အနေနဲ့ ကျွန်တော်ပြီးခဲ့တဲ့ နှစ်လလောက်ကသိခဲ့တဲ့ အခြေအနေကတော့ အဲ့လို့သိခဲ့ပါတယ်။ ယခုပြောင်းလဲပြီးဆောင်ရွက်ထားတာရှိ/မရှိနဲ့ ဖြစ်သင့်တဲ့ဈေးနှုန်းတစ်ခုကို ဗဟိုဘဏ်အနေနဲ့ ထိန်းကျောင်းမှုရှိသော ငွေကြေးဈေးကွက်တစ်ခုဖြစ်အောင် ဆောင်ရွက်ပေးဖို့ မည်ကဲ့သို့ဆောင်ရွက်ထားလည်းဆိုတာသိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြဆွေးနွေးချက်မှာ အချက်သုံးချက် ကျွန်မ မှတ်သားမိပါတယ်။ ပထမတစ်ချက်ကတော့ ဘာလဲဆိုတော့ ဒီနိုင်ငံ့ဝန်ထမ်းတွေရဲ့လစာကို တိုးလာလို့ရှိရင် တခြားကဏ္ဍတွေရဲ့လုပ်ခလစာတွေပါ တိုးလာနိုင်တယ်ဆိုတာကို ကျွန်မပြောသွားပါတယ်။ အဲ့ပြောသွားတာကို သူကနေပြီးတော့ ပြန်လည်ပြီးတော့ မေးထားတာဖြစ်ပါတယ်။ အဲ့ဒီအချက်နဲ့ ပတ်သက်လို့ရှိရင် ခုနက သူတို့ဒီပထမဆုံး ဒေါက်တာဝင်းမြင့်ရဲ့မေးခွန်းမှာပါတဲ့အတိုင်းပဲ ဒီလူသားတွေ အပြုအမူပေါ့။ ဒီဖက်က နိုင်ငံ့ဝန်ထမ်းတွေရဲ့လစာတိုးလာသလို သူတို့က အမှန်မှာ ပုဂ္ဂလိကကဏ္ဍရဲ့လစာဟာ နိုင်ငံ့ဝန်ထမ်းတွေရဲ့လစာထက်မြင့်မားပြီးသားဖြစ်ပါတယ်။ သို့သော်သူတို့က ဘာဖြစ်လဲဆိုရင် ဒီတစ်ဖက်ကတိုးလာတဲ့အချိန်မှာ သူတို့ဖက်ကလည်း ဩော်သူတို့တွေရဲ့လစာဟာတိုးလာတာပဲ၊ ငါတို့လည်း ခုနကပြောသလိုပေါ့နော် ဒီလွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောခဲ့သလိုပဲ Taxi မောင်းတဲ့သူဆိုပါတော့ သူကဆိုရင် သူ့ Taxi မောင်းတဲ့ Taxi ခကို သူကနေပြီးတော့၊ ဘာလို့လဲဆိုတော့ သူတို့ဖက်ကတိုးလာတဲ့အတွက်ကြောင့်မို့လို့ သူ့ဘက်ကလည်း တိုးပြီးတော့တောင်းချင်တဲ့အနေအထား ခုနကပြောတဲ့

Speculative Motive ပေါ်နေ‌ော် အဲ့လိုမျိုးဝင်လာတဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ လူတွေကလည်း နိုင်ငံ့ဝန်ထမ်းတွေရဲ့လစာထက်မြင့်သော်လည်း သူတို့က ဒီလိုမြင့်ရခြင်းကြောင့်မို့လို့ ဒီ Inflation ဖြစ်လာနိုင်တဲ့အချိန်မှာ သူတို့ကလည်း ပိုပြီးတော့ယူချင်လာတဲ့ Motive နဲ့ ဒီလိုမျိုး ဖြစ်လာနိုင်တဲ့အနေအထားရှိ တယ်ဆိုတဲ့အကြောင်းကို ကျွန်မက ဖြေရှင်းလိုပါတယ်။

နောက်တစ်ချက်ကတော့ ဒီ FX Market မှာဖြစ်ပေါ်နေတဲ့ ဒီငွေလဲလှယ်နှုန်းထားနဲ့ပတ်သက် လို့ ဗဟိုဘဏ်က ဘယ်လိုထိန်းကျောင်းပြီး ဆောင်ရွက်နေတယ်ဆိုတဲ့ဟာလေးကို မေးမြန်းတဲ့အချက် ဖြစ်ပါတယ်။ ကျွန်မတို့ အရင်တုန်းကဆိုရင် ဒီ Official Rate နဲ့ ဒီ Market Rate က အလွန်တရာ ကွာခြားတာဖြစ်ပါတယ်။ Official Rate က ခြောက်ကျပ်ရှိတဲ့အချိန်မှာ အပြင်မှာက ဒီ့ထက်မက အဆတစ်ရာလောက်ကို ဖြစ်နေတဲ့အချိန် ကျွန်မတို့ဒါကို Unified လုပ်ခဲ့တဲ့ဟာပါ။ Unified လုပ်ခဲ့တဲ့ အချိန်မှာလည်း ကျွန်မတို့ စပြီးတော့လုပ်ထဲကိုက ဒီ Exchange Rate ကို Free Float မဟုတ်ဘဲနဲ့ Manage Float ဆိုပြီးတော့ ကျွန်မတို့ ဒီစနစ်နဲ့လုပ်ခဲ့တာပါ။ Manage Float ဆိုတာ ဒါ ထိန်းချုပ် တဲ့ နည်းလမ်းနဲ့ဆိုပြီးတော့ Exchange Rate ကိုတည်ငြိမ်အောင်ဆိုပြီးတော့ လုပ်တာပါ။ အခု ဆိုလို့ရှိရင် ဒီလိုပါပဲ။ Central Bank က Exchange Rate က Market နဲ့ အခု တကယ် Central Bank ရဲ့ Official Rate နဲ့က နဲနဲလေးကွာလျက်ရှိပါတယ်။ သို့သော်လည်း ဒါကို IMF ကလည်း Market မှာရှိတဲ့ဈေးကိုသွားပြီးတော့ သူတို့က ပြောပါတယ်။ ဒါပေမယ့်ကျွန်မတို့ ဗဟိုဘဏ်အနေနဲ့က ပို့ကုန်နဲ့သွင်းကုန်နှစ်ဖက်စလုံးမှာ အကျိုးအမြတ်ရှိနိုင်လောက်တဲ့အနေအထားရှိအောင်ဆိုပြီး ကျွန်မတို့ Manage လုပ်ပြီးတော့ Manage Float အနေနဲ့ဝင်ရောက်ပြီးတော့ ထိန်းကျောင်း ပြီးတော့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဈေးကွက်မှာ ထိန်းကျောင်းပြီးတော့ နှုန်းက အများကြီး မြန်မာနိုင်ငံရဲ့ကျပ်ငွေတန်ဖိုး အများကြီးကျဆင်းမသွားစေဖို့အတွက်ဆိုပြီးတော့ ထိန်းကျောင်းပြီးတော့ ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်မ ရှင်းလင်းတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းမေးမြန်းခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အမြန်လမ်းမကြီးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော အမြန်လမ်းမကြီးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ဖြစ်သော ၁၉-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် အမြန်လမ်းမကြီးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမြန်လမ်းမကြီးဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က

ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ၁၀-၂-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၅၀ ချက်ကို သဘောတူသင့်ကြောင်းနှင့် ၉၂ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၅၀ ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှာ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ သဘောတူခဲ့သည့်အချက် ၅၀ မှာ အမှတ်စဉ် ၁ ဥပဒေခေါင်းစည်း၊ အမှတ်စဉ် ၂ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ပ)၊ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(င)၊ အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(င)၊ အပိုဒ် ၆၊ အခန်း(၆) အပိုဒ် ၁၃ အပိုဒ်ခွဲ(က) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၄၊ အခန်း(၇) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ျ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)နှင့် အပိုဒ်ခွဲငယ်(၄)တို့ကို ပယ်ဖျက်ခြင်း၊ အခန်း(၈) အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အခန်း(၉) ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၃၄ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၁၀) အပိုဒ် ၃၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ဂ)၊ အခန်း(၁၃) အပိုဒ် ၅၄၊ အခန်း(၁၄) အပိုဒ် ၅၆ အပိုဒ်ခွဲ(ျ)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄)၊ အခန်း(၁၆) အပိုဒ် ၆၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၁ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၇၂၊ အခန်း(၁၇) အပိုဒ် ၇၅၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၉၀ ကို ပယ်ဖျက်ခြင်း၊ အခန်း(၁၈) အပိုဒ် ၈၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(င)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၉၄ နှင့် ၉၆ တို့ကို ပယ်ဖျက်ခြင်း၊ အခန်း(၁၉) အပိုဒ် ၈၈။ သို့ဖြစ်ပါ၍ ဖော်ပြပါ

အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် အချက် ၅၀ ချက်အား လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၅၀ ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ကြမ်းကော်မတီက တင်ပြသွားတဲ့အချက် ၅၀ ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် ၉၂ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောကွဲလွဲချက် ၉၂ ချက်မှာ အခန်း (၁) အပိုဒ် ၃ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဍ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဏ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(တ)၊ အခန်း(၂) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အခန်း(၃) အပိုဒ် ၇ အပိုဒ်ခွဲ(င)၊ အခန်း(၄) အပိုဒ် ၉၊ အခန်း(၅) အပိုဒ် ၁၀၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ)၊ အခန်း(၆) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက် ခြင်း၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၆၊ အခန်း(၇) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)၊ အမျိုးသား လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၄ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၆၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(စ)၊ အခန်း(၈) အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉

အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၃၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၄ ကို ပယ်ဖျက်ခြင်း၊ အခန်း(၉) အပိုဒ် ၃၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(င)၊ အခန်း(၁၁) အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲငယ်(၈)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၄၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အခန်း(၁၂) အပိုဒ် ၅၇၊ အပိုဒ် ၅၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၈၊ အခန်း(၁၃) အပိုဒ် ၆၀ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၆၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၆၄၊ အခန်း(၁၄) အပိုဒ် ၆၅ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၆၅ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၆၇ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၇၀၊ အခန်း(၁၅) အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၄၊ အခန်း(၁၆) အပိုဒ် ၇၅၊ အပိုဒ် ၇၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၀ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈၃၊ အခန်း(၁၇) အပိုဒ် ၈၈၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အခန်း(၁၈) အပိုဒ် ၉၄၊ အခန်း(၁၉) အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၀၅ အပိုဒ်ခွဲ(ခ)။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် အချက် ၉၂ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၉၂ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် ၉၂ ချက်အား အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ ၉၂ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုအတည်ပြုတဲ့အခါမှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ သဘောထားကွဲလွဲချက် ၉၂ ချက်ရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီသဘောထားကွဲလွဲချက် ၉၂ ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါကြောင်း လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဝင်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုတင်ပြခဲ့တဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနဲ့ပတ်သက်ပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုကို ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ရယူနိုင်ရန် တင်ပြသည့်အဆိုအပေါ် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၉၂ ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များအနက် သဘောကွဲလွဲတဲ့ ၉၂ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စုပေါင်းပိုင်အဆောက် အအုံဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ စုပေါင်းပိုင်အဆောက်အအုံ ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ၁၉-၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၈၆ ချက်ကို သဘောတူသင့်ကြောင်းနဲ့ ၆၂ နဲ့ စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၈၆ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

## မူကြမ်း

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စုပေါင်းပိုင်အဆောက်အအုံ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တွေ့ရှိချက်များအား တင်ပြသွားမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ဖြစ်သည့် ၁၉-၁-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၂-၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး (ရေဖြူမဲဆန္ဒနယ်)၊ ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)နှင့် ဒေါ်တင်နွယ်ဦး [ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်] တို့မှဆွေးနွေးရန် ပြင်ဆင်အဆိုများတင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂-၂-၂၀၁၅ ရက်နေ့နှင့် ၁၈-၂-၂၀၁၅ ရက်နေ့များတွင် ပြင်ဆင်အဆိုတင်သွင်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စာလှယ်သုံးဦး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဝင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့အတူ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးအရ သဘောတူဆုံးဖြတ်ခဲ့ရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ပါအချက် ၈၆ ချက်ကို သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါတယ်။ ၎င်းတို့မှာ အခန်း(၁) ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၂ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဠ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဏ)တို့ကို ပယ်ဖျက်ခြင်း၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)

အခန်း(၄) အခန်းခေါင်းစဉ် အသစ်ဖြည့်စွက် ချက် အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အခန်း(၆) အခန်းခေါင်းစဉ် အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀၊ အခန်း(၇)နှင့် အခန်းခေါင်းစဉ် အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ) အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၃ အပိုဒ်ခွဲ (က)၊ အခန်း(၈) အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂၄ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အခန်း(၉) အခန်းခေါင်းစဉ် အပိုဒ် ၂၆၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)ကိုပယ်ဖျက်ခြင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) ပြည်သူ့လွှတ်တော် ၏အတည်ပြုချက် အပိုဒ် ၃၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)တို့ကိုပယ်ဖျက်ခြင်း၊ အခန်း(၁၀) အခန်းခေါင်းစဉ် အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အခန်း(၁၁) အခန်းခေါင်းစဉ် အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၆၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၈ အပိုဒ်ခွဲ(ဂ)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် ၈၆ ချက်ကို လွှတ်တော်မှအတည် ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၈၆ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ၈၆ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့်၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် ၆၂ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောကွဲလွဲချက် ၆၂ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဈ)၊ အခန်း(၃) အခန်းခေါင်းစဉ် အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ နှင့် အပိုဒ် ၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဈ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)၊ အခန်း(၅) အခန်းခေါင်းစဉ် အပိုဒ် ၈၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၂ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၆) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၃ အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်(ဃ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(င)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ည) နှင့် အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဎ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဏ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(တ)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ထ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(ဂ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၃ အပိုဒ်ခွဲ (ခ)ကိုပယ်ဖျက်ခြင်း၊ အခန်း(၉) အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ)၊ အခန်း(၁၀) အခန်းခေါင်းစဉ် အပိုဒ် ၃၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၃)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)၊ အခန်း(၁၂) အပိုဒ် ၄၃၊ အပိုဒ် ၄၅ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၅ ကိုပယ်ဖျက်ခြင်း၊ အခန်း(၁၃) အပိုဒ် ၄၇၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် အချက် ၆၂ ချက်အားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၆၂ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် ၆၂ ချက်အား အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြု ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံ ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များမှ ၆၂ ချက်ကို လွှတ်တော်က သဘောမ တူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅၊ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက် ၆၂ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြ သင့်ကြောင်း ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဖန်က အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့ ၆၂ ချက်ကို ကျိုင်းတုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်က ပြည်ထောင်စု လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသွားပါတယ်။ ဒီအဆိုကို ကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်လှိုင်က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၆၂ ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနဲ့စပ်လျဉ်း၍ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ ။** ။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည် ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲသည့် ၆၂ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

အချိန်၊ ၁၂း၀၅။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကို ၁၂း ၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]